ကွန်ပျူတာ ဘတ္တရီနှင့် ဖုန်းဘတ္တရီတွေ ဘာ့ကြောင့် တာရှည်မခံရသလဲ

**ဖြိုးရဲ :** အစ်ကိုညီနေမင်း ကျွန်တော့် laptop က ဝယ်ထားတာ မကြာသေးဘူး ဘတ္တရီက နာရီဝက်လောက်ပဲ ရတယ် . သူများတွေကျတော့ နှစ်နာရီ သုံးနာရီလောက်တောင် ရပါတယ် . ဘယ်လို လုပ်သင့်သလဲ အကြံဉာဏ်လေး ပေးပါဦး .

**ဖြေ :** ကျွန်တော် ဝဘ်ဆိုက်နှင့် ပတ်သက်ပြီးတော့ မရေးဖြစ်ခဲ့တာ ကြာပါပြီ connection အခက်အခဲနှင့် ကျန်းမာရေး အတွက်နဲ့ မို့ပါ . အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်လိုက် ပါတယ် . အားလုံးပဲ လုပ်ငန်းကိုင်တာများ အဆင်ပြေ ချောမွေ့ကြမယ်လို့ မျှော်လင့်ပါတယ် . အဆင်ပြေပါစေလို့လဲ ဆုတောင်းပေး လိုက်ပါတယ် . နောက်ပိုင်း နည်းပညာများကိုသာ အသားပေး ရေးသားတော့မှာ ဖြစ်ပါတယ် .

ကိုဖြိုးရဲရေ ကျွန်တော်တို့အနေနဲ့ သိသင့်တဲ့ တစ်ချက်ကို လူတော်တော်များများ မသိတာလား . သိရဲ့သားနဲ့ အပျင်းကြီးတာလား တော့ မသိပါဘူး . ဘတ္တရီအခြောက်မှန်သမျှ phone, ups, နှင့် laptop မှာပါတဲ့ ဘတ္တရီအားလုံးကို သုံးတော့မယ်ဆိုရင် မူလပထမ ဝယ်စဉ်တုန်းက ပါတဲ့ ဘတ္တရီအားကို ကုန်အောင်သုံးလိုက်ပါ . ကုန်တဲ့အချိန်အထိ အားသွင်းကြိုးကို မထိုးရပါဘူး . အားကုန်ပြီဆိုတာနဲ့ စပြီးတော့ ဘတ္တရီကို 24 နာရီ ပြည့်တဲ့ အထိ အားသွင်းရမှာ ဖြစ်ပါတယ် . အားသွင်းနေစဉ် ကာလအတွင်း (charging)အားသွင်းထားတဲ့ ဘတ္တရီကို လုံးဝမသုံးရပါဘူး. 24 နာရီပြည့်ပြီးသွားတာနဲ့ စပြီးတော့ သုံးလို့ရပါပြီ . အဲ့လို နာရီအပြည့်သွင်းထားတဲ့ ဘတ္တရီနှင့် နာရီအပြည့်မသွင်းထားတဲ့ ဘတ္တရီကို ယှဉ်ပြီးသုံးကြည့်လိုက်ပါ . 24 နာရီကြာအောင်အထိ အားသွင်းဖို့ စိတ်မရှည်ဘူးဆိုရင်တောင် 14 နာရီကို အနည်းဆုံးထားပြီးတော့ (charging)အားသွင်းပေးရပါတယ် . ဒါဟာ ဘတ္တရီတစ်လုံးအတွက် ပထမဦးဆုံးသွင်းတဲ့ အားဟာ အရမ်းကို အရေးကြီးပါတယ် . အခုပြောတဲ့နည်းကို သုံးကြည့်လိုက်ပါ . အားလုံးပဲ အဆင်ပြေကြလိမ့်မယ်လို့ မျှော်လင့်ပါတယ် .